**ဦးကျော်စွမ်းရည် (မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ် - ၁)။** ။ လေးစားအပ်တဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါခင်ဗျား -

ကျွန်တော်ကတော့ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးကျော်စွမ်းရည် ဖြစ်ပါသည်။ ကျွန်တော်အနေဖြင့် မင်းဘူးပြည်သူ့ဆေးရုံကြီးတွင် Oxygen Plant (Oxywise)အတွက် လိုအပ်နေသော Transformer 315 KVA (၁)လုံးကို မကွေး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးနိုင်ပါရန် အစီအစဉ်ရှိ/ မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား -

မင်းဘူး(ခရိုင်) ပြည်သူ့ဆေးရုံကြီးတွင် နာတာရှည် ရင်ကျပ်ရောဂါ၊ အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်း၊ နှလုံးရောဂါရှိသူများ၊ ခွဲခန်းဝင်သူများအတွက် အောက်စီဂျင်ပေးရပါသည်။ အောက်စီဂျင် လိုအပ်ပါသည်။ ထိုလိုအပ်နေသည့် အောက်စီဂျင်များကို မင်းဘူး ဗြဟ္မစိုရ်နာရေး ကူညီမှုအသင်းမှ အလှူငွေဖြင့် ဝယ်ယူထောက်ပံ့လှူဒါန်းလျှက်ရှိပါသည်။ (၁)လကို အိုး(၁၀၀၀)ခန့် လှူဒါန်းရပါသည်။

ယခုအခါတွင် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် ကုသရေးဦးစီးဌာနမှ ဝယ်ယူထားသော Oxygen Plant အား Concordia Co.,Ltd မှ (၂၅. ၉. ၂၀၁၇)ရက်နေ့တွင် မင်းဘူးမြို့ ပြည်သူ့ဆေးရုံကြီး သို့ရောက်ရှိပြီး (၂၂. ၄. ၂၀၁၈) ရက်နေ့တွင် Installion ပြုလုပ်ရာ၌ ဆေးရုံကြီးရှိ Electrical Power Line ၏ Voltage မပြည့်မှီသောကြောင့် စက်မလည်ပတ်နိုင်ပါ။ ထိုကဲ့သို့ မီးအား မပြည့်မီခြင်းအတွက် ဝန်ကြီးချုပ်ကြီး၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးလျှပ်စစ်ဌာနမှ မီးအားမြှင့်တင်ရေး Stabilizar တပ်ဆင်ပေးခဲ့သော်လည်း Oxygen စက်မှ ၅၃ အမ်ပီယာရှိပြီး၊ တပ်ဆင်သော Stabilizar (၄၃) အမ်ပီယာသာရှိသည့်အတွက် စက်လည်ပတ်မှု အဆင်မပြေ ဖြစ်နေပါသည်။ ထို့ကြောင့် လျှပ်စစ်အင်ဂျင်နီယာမှ Transformer 315 KVA တစ်လုံး ထပ်မံလိုအပ်ကြောင်း သိရှိရပါသည်။

အောက်စီဂျင် စက်လည်ပတ်နိုင်ပါက မင်းဘူးပြည်သူ့ဆေးရုံအတွက် လိုအပ်နေသော အောက်စီဂျင် ရရှိပြီး Oxygen Plant မှ (၁၂) နာရီ မောင်းပါက (၈) အိုးခန့် ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား -

သို့ဖြစ်ပါ၍ မင်းဘူးပြည်သူ့ဆေးရုံကြီးမှ Oxygen Plant အတွက် မီးအားပြည့်မှီရန် လိုအပ်နေသော Transformer 315 KVA တစ်လုံးတပ်ဆင်နိုင်ရန် မကွေးတိုင်းဒေသကြီးအစိုးရမှ အချိန်နှင့်တစ်ပြေးညီ တပ်ဆင်ပေးနိုင်ပါရန် နှင့်တပ်ဆင်ပေးရန် အစီအစဉ်ရှိ/ မရှိ၊ ရှိပါက မည်သည့်ကာလတွင် တပ်ဆင်ပေးမည်ကို သိရှိလို၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါသည်။

**ဒေါက်တာ ခင်မောင်အေး ( ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန )။** ။ မင်းဘူးပြည်သူ့ဆေးရုံကြီးမှ Oxygen Plant အတွက် မီးအားပြည့်မှီရန် လိုအပ်နေသော Transformer 315 KVA (၁)လုံးတပ်ဆင်နိုင်ရန် မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၆-၁၂-၂၀၁၈)ရက်စွဲပါ စာအမှတ်၊၂၇၄၁/မကတ/၁က/လွှတ်တော်/၂၀၁၈ဖြင့် ခန့်မှန်းခြေကုန်ကျစရိတ်များကို အင်ဂျင်နီယာ၏ အသေးစိတ်တွက်ချက်မှုဖြင့် တင်ပြတောင်းခံနိုင်ရေးအတွက် ဆေးရုံအုပ်ကြီး၊ မင်းဘူးမြို့သို့ အကြောင်းကြား ဆောင်ရွက်ထားပါကြောင်းနှင့် ခန့်မှန်းခြေကုန်ကျစရိတ်များ တင်ပြလာပါက ကုသရေးဦးစီးဌာန၊

နေပြည်တော်(ရုံးချုပ်)သို့ အမြန်ဆုံးဆက်လက်ထောက်ခံ တင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေချထားပေးပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်သက်မွန်အေး ( ဆိပ်ဖြူမြို့နယ်မဲဆန္ဒနယ်အမှတ် - ၁ )။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင့်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဒေါ်သက်မွန်အေး ဖြစ်ပါတယ်ရှင်။ ကျွန်မမေးမြန်းမယ့် မေးခွန်းကတော့ **ပေတောကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အဖြစ် အသစ်ဖွင့်လှစ်ပေးနိုင်ရန်** အစီအစဉ်ရှိ/မရှိ မေးခွန်းအား မေးမြန်းသွားမှာဖြစ်ပါတယ်ရှင့်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် ပေတောကျေးရွာသည် ငွေးပင်ကျေးလက် ကျန်းမာရေးဌာန(ခွဲ)အောက်တွင်ရှိသော ကျေးရွာအုပ်စုကြီးတစ်ခု ဖြစ်ပါတယ်ရှင်။ ငွေးပင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)၏ လွှမ်းခြုံနယ်မြေတွင် လူဦးရေ(၆၁၅၅)ဦးရှိပြီး ကျန်းမာရေးစောင့်ရှောက်မှု ခံယူရာတွင် ငွေးပင်ကျေးလက်ကျန်းမာရေးဌာန(ခွဲ)နှင့် အလှမ်းကွာဝေး၍ သွားလာရေး ခက်ခဲပါသည်။ အကယ်၍ ပေတောကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေး မည်ဆိုပါက ပေတောကျေးရွာ၊ ကစွဲကျေးရွာ၊ ဆူးပုတ်ကုန်းကျေးရွာ၊ ရွာသစ်ကြီးကျေးရွာ၊ နဘဲကန် ကျေးရွာ၊ ချတောက်ကျေးရွာများမှ အိမ်ခြေ(၆၅၃) အိမ်၊ လူဦးရေစုစုပေါင်း(၃၁၈၅)ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီနိုင်မည်ဖြစ်ပြီး Quarlity Care ပေးနိုင်မှာ ဖြစ်ပါတယ်ရှင်။

သို့ဖြစ်ပါ၍ ငွေးပင်ကျေးလက်ကျန်းမာရေးဌာန(ခွဲ) လက်အောက်မှ ပေတော ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အသစ် တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဒေါက်တာ ခင်မောင်အေး ( ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန )။** ။ ဆိပ်ဖြူမြို့နယ်၊ ငွေးပင်ကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲအောက်ရှိ ပေတောကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ (အသစ်) တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိနိုင်ရန် သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ယင်းကျေးရွာနှင့်ပတ်သက်သော ဒေသအခြေခံအချက်အလက်များကို ပြုစုတင်ပြပေးနိုင်ရန် မကွေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၆-၁၂-၂၀၁၈) ရက်စွဲပါစာအမှတ်၊ ၂၇၃၈/မကတ/၁က/လွှတ်တော်/၂၀၁၈ ဖြင့် ညွှန်ကြားထားပြီးဖြစ်ပါသည်။

အချက်အလက်များ ရောက်ရှိသည့်အခါ လုပ်ထုံးလုပ်နည်းနှင့်ကိုက်ညီပါက ဆက်လက်ထောက်ခံ တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူး ရဲမောင်( တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် )။** ။ **ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးနိုင်ပါရန် ကြယ်ပွင့်ပြမေးခွန်း တင်ပြခြင်း**

ကျွန်တော်သည် အမှတ်(၇) စစ်အခြေခံလေ့ကျင့်ရေးတပ်၊ တောင်တွင်းကြီးမြို့မှ တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်၊ ကြည်း ၃၀၀၈၃ ဗိုလ်မှူးရဲမောင် ဖြစ်ပါသည်။

ညောင်ပင်သာကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆူးကောက်ကြီး ကျေးရွာအုပ်စုအတွင်းတွင် ပါဝင်ပါသည်။ ရွာတွင် အိမ်ခြေ(၂၂၆)အိမ်၊ လူဦးရေ (၁၀၆၆)ဦး၊ ကျောင်းသား/ ကျောင်းသူ(၂၄၄)ဦး၊ ဆရာ/ဆရာမ(၁၁)ဦး၊ အလယ်တန်းကျောင်း(၁)ကျောင်း၊ ဘုန်းကြီးကျောင်း(၁) ကျောင်း ရှိပါသည်။ အဆိုပါရွာသည် တောင်တွင်းကြီးမြို့နှင့်(၁၂)မိုင်၊ ဆတ်သွားကျေးလက်ကျန်းမာရေး ဌာနနှင့် (၄)မိုင်ကွာဝေးပါသည်။ ကျေးရွာသည် ရန်ကုန် - မန္တလေးကားလမ်းမကြီးဘေးအနီးတွင် တည်ရှိ သော်လည်း ကျေးရွာချင်း ဆက်သွယ်သောလမ်းများမှာ ကောင်းမွန်မှုမရှိ၍ လူမှုဘဝနိမ့်ကျလျက်ရှိပါသည်။ အရေးကြီး ကျန်းမာရေးကိစ္စရပ်များ ပေါ်ပေါက်လာပါက တောင်တွင်းကြီးမြို့သို့ သွားလာရသည်မှာ အချိန် ကြန့်ကြာမှုများ ခံစားရလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနတစ်ခု ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် မြေနေရာ အတွက် ကျေးရွာမှ စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။ ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ခွင့် ရရှိပါ က အနီးဝန်းကျင်ရှိ ညောင်ကုန်း၊ သရက်ကုန်း၊ စောင်ချမ်းတောင်၊ သီးပင်ကုန်း၊ ကျွဲသေအင်း၊ ဝွေးကုန်း၊ ရွာသစ်ရွာများမှ ခန့်မှန်းအိမ်ခြေ(၈၄၄)အိမ်၊ လူဦးရေ(၃၅၀၀)ခန့်၏ ကျန်းမာရေးအဆင့်အတန်း မြင့်မား လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်ကျန်းမာရေးဌာနတစ်ခုအား အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ကျန်းမာရေးဌာနအတွက် မြေပိုင်ဆိုင်မှု အထောက်အထားနှင့်အတူ ပူးတွဲတင်ပြအပ်ပါသည်။

**ဒေါက်တာ ခင်မောင်အေး ( ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန )။** ။ တောင်တွင်းကြီး မြို့နယ်၊ ညောင်ပင်သာကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန တိုးချဲ့ဖွင့်လှစ်ခွင့် ရရှိနိုင်ရန် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ယင်းကျေးရွာနှင့်ပတ်သက်သော ဒေသအခြေခံ အချက်အလက် များကို ပြုစုတင်ပြပေးနိုင်ရန် မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၆-၁၂-၂၀၁၈) ရက်စွဲပါစာအမှတ်၊ ၂၇၃၉/ မကတ/ ၁က/ လွှတ်တော်/ ၂၀၁၈ ဖြင့် ညွှန်ကြားထားပြီးဖြစ်ပါသည်။

အချက်အလက်များ ရောက်ရှိသည့်အခါ လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီပါက ဆက်လက်ထောက်ခံ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်မြင့်စန်း ( ပေါက်မြို့နယ်မဲဆန္ဒနယ်အမှတ် - ၂ )။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော် ကိုယ်စားလှယ် ဒေါ်မြင့်စန်း ဖြစ်ပါတယ်ရှင်။ ကျွန်မမေးမယ့် မေးခွန်းကတော့ **အခြေခံပညာကျောင်းများတွင် ကလေးစာပေကို လစဉ် ပုံမှန်ပံ့ပိုးခြင်းနှင့် ကျေးရွာစာကြည့်တိုက်များ သက်ဝင်လှုပ်ရှားစေရန်** မည်ကဲ့သို့ ဆောင်ရွက်သွားမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာအစိုးရအဖွဲ့သို့ မေးမြန်းသွားမှာ ဖြစ်ပါတယ် ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် -

ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရန် ငွေကြေးကိုအသုံးပြုပြီး တိုက်ရိုက်အကောင်အထည်ဖော်၍ ရနိုင်သော်လည်း စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုကိုတော့ စာဖတ်ခြင်းဖြင့် တည်ဆောက်ရမှာဖြစ်တယ်ဆိုတာ အားလုံး လက်ခံထား ပြီး ဖြစ်ပါတယ်ရှင်။ မြန်မာနိုင်ငံမှာ လွတ်လပ်ရေး မရမီအချိန်က အမှောင် ခွင်း၍ အလင်းဆောင်အံ့ ဆိုသည့်

ဆောင်ပုဒ်နှင့်အညီ ကျေးလက်စာကြည့်တိုက်များ တည်ရှိခဲ့ပါသော်လည်း ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဥပဒေကို ပြဋ္ဌာန်း၍ သတင်းစာ၊ ဂျာနယ် မီဒီယာလောကကို ထိန်းကွပ်ခံခဲ့ရပြီး ၁၉၆၄ ခုနှစ်မှာ စာကြည့်တိုက်၊ ပြတိုက်နှင့်ပြပွဲများ ကြီးကြပ်သူ အုပ်ချုပ်ရေးဥပဒေကို ပုဒ်မပေါင်း(၂၀)ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ ၎င်းပုဒ်မ(၂၀)ထဲက-

(၁) စာကြည့်တိုက်၊ ပြတိုက်များ မှတ်ပုံတင်ရမည်၊

(၂) ပြပွဲများ ပြုလုပ်လိုပါက ခွင့်ပြုချက်ရယူရမည်၊

(၃) သက်တမ်းကုန်လျှင် သက်တမ်းတိုးရမည်၊

(၄) ဤကိစ္စကို ကြီးကြပ်အုပ်ချုပ်ရန် ၊ အရေးယူရန် မှတ်ပုံတင်အရာရှိများ ခန့်ထားရမည်၊

(၅) ဥပဒေကို မလိုက်နာပါက ထောင်ဒဏ်(၃)နှစ် ကျခံစေရမည်ဟု ပြင်းထန်ပြီး မလိုလား အပ်တဲ့ ဥပဒေများကြောင့် ဦးဆောင်ဦးရွက်ပြုဝံ့သူများ မရှိတော့ပဲ စာကြည့်တိုက်များ ပျောက်ကွယ်ပြီးနောက် စာဖတ်သည့် ယဉ်ကျေးမှုပါ ပျောက်ကွယ်ခဲ့ရပါတယ်ရှင်။ စာဖတ်သည့်ယဉ်ကျေးမှု ပြန်လည်ထွန်းကားလာဖို့ဆိုရင် အခြေခံကျောင်းများမှ စတင်လေ့ကျင့်ပေးရမှာ ဖြစ်တဲ့အတွက် ကလေးကြိုက်စာပေများကို အစီအစဉ်တကျ လစဉ်ပုံမှန် ပံ့ပိုးပေးရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြည်ရဲ့ အနာဂတ်ပိုင်ရှင်များဖြစ်တဲ့ လူငယ်များကို စိတ်နှလုံး ကြံ့ခိုင်ရေး၊ စည်းကမ်းလိုက်နာသူများ ဖြစ်လာရေး၊ မှန်ကန်သော အတွေးအခေါ်ပညာရှင်များ ဖြစ်လာရေး၊ တီထွင်ဖန်တီးသူများ ဖြစ်လာရေး၊ အလုပ်ကိုချစ်ခင်သူများဖြစ်လာရေးအတွက် စာပေဖြင့် ပြုစုပျိုးထောင်ရမှာဖြစ်တယ်လို့ မိန့်ကြားခဲ့ဖူးပါတယ်ရှင်။ လက်ရှိနိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှလည်း ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ(၂၀)ရက်က ရန်ကုန်တက္ကသိုလ် ဗဟိုစာကြည့်တိုက်သို့ သွားရောက်စစ်ဆေးစဉ်မှာ ကလေးများ အမြင်ကျဉ်းမည်ကို စိတ်ပူမိကြောင်း၊ စာအုပ်စာတမ်းကို တန်ဖိုးထားစေလိုကြောင်း၊ စာကြည့်တိုက်များ ဖွံ့ဖြိုးအောင်လုပ်ရမည် ဖြစ် ကြောင်း ပြောကြားသွားပြီးဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ (၁၁.၈.၂၀၁၈)ရက်နေ့က မန္တလေးတက္ကသိုလ်မှာ ကျင်းပတဲ့ ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များ စာပေစကားဝိုင်းအခမ်းအနားမှာ လူငယ်များကို သုတ ရသစာပေများ ဖတ်ခြင်းရဲ့ အကျိုးကျေးဇူးတွေကို ကျယ်ကျယ်ပြန့်ပြန့် ပြောကြားသွားတာကိုလဲ သိကြပြီးဖြစ်ပါတယ်။ အထူးအားဖြင့် အစိုးရကြီးပဲ လုပ်ပေးလို့ မရနိုင်ကြောင်းနှင့် ပြည်သူတွေကလဲ ဝိုင်းဝန်းလှူဒါန်းရမယ့် အကြောင်းတွေကို တိုက်တွန်းပြောကြားသွားပြီး ဖြစ်ပါတယ်ရှင်။ လွတ်လပ်ရေး ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ နှုတ်မြွက်စကား ၊ ကျွန်မတို့ပြည်သူတွေ ချစ်ခင်လေးစားရတဲ့ သက်ရှိထင်ရှား နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နှုတ်မြွက်စကားတွေကို အကောင်အထည်ဖော်ရန်နှင့် အောင်မြင်အောင် ဆောင်ရွက်နိုင်သူ၊ ဆောင်ရွက်ရန်တာဝန်ရှိသူမှာ အစိုးရအဖွဲ့သာ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့အားလုံး အတိုင်ပင်ခံရဲ့ ဆန်းသစ်ထက်မြက်တဲ့ အတွေးအခေါ်တွေနဲ့ မိန့်ကြားသွားတဲ့ စကားတွေကို လေးစားလိုက်နာပြီး အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုရင် လက်တွေ့ကြပြီး သွက်လက်မြန်ဆန်စွာ ပြောင်းလဲနိုင်သွားမယ့် တိုင်းပြည်ကို မျှော်လင့်လို့ရမှာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်-

စာဖတ်ချင်သော်လည်း စာဖတ်စရာ စာအုပ်မရှိသည့် အခက်အခဲနှင့် စိတ်အားထက်သန်စွာ ထူထောင်ထားသည့် ကျေးရွာစာကြည့်တိုက်များ သက်ဝင်မှုအားနည်းသည့် အခက်အခဲများကို မည်ကဲ့သို့ ဖြေရှင်းပံ့ပိုးမည်ကို သိရှိချင်သည့်အပြင် နိုင်ငံတော်အတိုင်ပင်ခံ၏ မန္တလေးစာပေ စကားဝိုင်းမှ မှာကြားချက်အတိုင်း ပြည်သူ့ထံမှ အကူအညီရရန် ကြိုးစားမည်ဆိုလျင် မည်သို့မည်ပုံ ဆောင်ရွက်ပါဆိုသည့် အကြံပြုချက်၊ ညွှန်ကြားချက် ထုတ်ပြန်ပေးရန်နှင့် စာဖတ်ခြင်းဖြင့် တည်ဆောက်သည့် တိုင်းပြည်သည် ပြဿနာများနည်းပြီး အောင်မြင်စွာ တည်ဆောက်မည်ဟု ယုံကြည်ပါသဖြင့် အခြေခံကျောင်းများတွင် ကလေးစာပေကို လစဉ်ပုံမှန်ပံ့ပိုးခြင်းနှင့် ကျေးရွာစာကြည့်တိုက်များ သက်ဝင်လှုပ်ရှားစေရန် မည်ကဲ့သို့ ဆောင်ရွက်သွားမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာအစိုးရအဖွဲ့သို့ မေးမြန်းလိုက်ရပါတယ်ရှင်။ အားလုံး ကို ကျေးဇူးတင်ပါတယ်ရှင်။

**ဒေါက်တာ ခင်မောင်အေး ( ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန )။** ။ အခြေခံပညာဦးစီးဌာနမှ အခြေခံပညာကျောင်းများသို့ လစဉ်ဖြန့်ဝေပေးနေသော စာအုပ်များမှာ ပညာတန်ဆောင်မဂ္ဂဇင်း၊ မြတ်ပညာမဂ္ဂဇင်း၊ မြတ်ဆရာမဂ္ဂဇင်း၊ Academic Weekly ဂျာနယ်၊ ပညာရေးသတင်းလွှာ၊ သုတရတနာသိုက်စာစောင်တို့ဖြစ်ပါသည်။ အခြေခံပညာကျောင်းများတွင် ကျောင်းဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအဖြစ်လည်း နှစ်စဉ်ခွဲဝေပေးလျက်ရှိပါသည်။ အဆိုပါ ရန်ပုံငွေမှ (၀၃၀၉)ငွေစာရင်းခေါင်းစဉ်အောက်တွင် စာအုပ်စာစောင်၊ မဂ္ဂဇင်းများဝယ်ယူရန်ပါရှိပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အခြေခံပညာကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးပြီး သက်ဝင်လှုပ်ရှားစေရန်အတွက် ကလေးစာပေပံ့ပိုးမှုအနေဖြင့် ပညာတန်ဆောင်မဂ္ဂဇင်း၊ မြတ်ပညာမဂ္ဂဇင်း၊ မြတ်ဆရာမဂ္ဂဇင်း၊ Academic Weekly ဂျာနယ်၊ သုတရတနာသိုက် စာစောင်များ၊ ကျောင်းဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေများမှ ဝယ်ယူသော ကလေးစာပေဆိုင်ရာ စာအုပ်စာစောင်များဖြင့် ပံ့ပိုး ပေးလျက်ရှိပါသည်။

ကျေးရွာပြည်သူလူထု အသိပညာဗဟုသုတရရှိစေရန် ၂၀၀၄ ခုနှစ်မှစ၍ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ပေါက်လာစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သက်ဆိုင်ရာအာဏာပိုင်များ၊ ဒေသခံပြည်သူများ၊ အလှူရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ မကွေးတိုင်းဒေသကြီးအတွင်း ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်နိုင်ရန် ၂၀၀၉ - ၂၀၁၀ ခုနှစ်မှစ၍ မတည်ငွေကျပ်(၁၀)သိန်းနှုန်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မတည်ငွေကျပ်( ၂၀ )သိန်းနှုန်းဖြင့် စုစုပေါင်း စာကြည့်တိုက် (၁၀၈)တိုက်ကို ထောက်ပံ့ပေးခဲ့ပါသည်။

ကျေးရွာများတွင် ဖွင့်လှစ်ပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအနက် စာကြည့်တိုက်အဆောက်အဦ၊ စာအုပ်စာစောင်၊ စာကြည့်တိုက်မှူး(စာကြည့်တိုက်ကော်မတီ)၊ ရန်ပုံငွေနှင့် စာငှား ပရိသတ်ရှိနေမှုပေါ်မူတည်၍ စံညီစာကြည့်တိုက်များအဖြစ် သတ်မှတ်ပြီး မှတ်ပုံတင် ကင်းလွတ် ခွင့်ပြုခဲ့ပါသည်။ ထို့အတူ ၂၀၁၁ ခုနှစ်မှစ၍ တိုင်းဒေသကြီးအတွင်း စံညီ စာကြည့်တိုက်များ ရေရှည် ဖွံ့ဖြိုးတိုးတက်စေရန် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှလည်း အဆောက်အဦ၊ ပရိဘောဂနှင့် စာအုပ်စာစောင်များအတွက် စာကြည့်တိုက်(၃၅)တိုက်ကို ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ယခုအချိန်ထိ မကွေးတိုင်းဒေသကြီးအတွင်း စံညီစာကြည့်တိုက်(၇၉၈)တိုက် စာရင်းပြုစုထားရှိပြီး စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းများအား စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များ ရှင်သန်တိုးတက်ရေး သက်ဝင်လှုပ်ရှား လာစေရန် မကွေးတိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ NGO များ၊ လူမှုတာဝန်သိ(CSR) အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ စာကြည့်တိုက်များ ဆင့်ပွားသင်တန်းပို့ချခြင်း၊ စာကြည့်တိုက် ဝန်ဆောင်မှုမြင့်မားရေး အလုပ်ရုံ ဆွေးနွေးပွဲများကျင်းပခြင်း၊ စာအုပ်စာစောင် ပရိဘောဂများ ထောက်ပံ့ခြင်း၊ နည်းပညာပိုင်းဆိုင်ရာများ ပံ့ပိုးကူညီခြင်း၊ လွှတ်တော်ရန်ပုံငွေဖြင့် စာကြည့်တိုက်များ ဆောက်လုပ်ခြင်း၊ စာကြည့်တိုက်ကော်မတီများနှင့် ညှိနှိုင်း၍ စာပေဆိုင်ရာပြိုင်ပွဲနှင့် ဟောပြောပွဲများ ပြုလုပ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

စာကြည့်တိုက် အများစုသည် ပြောင်းလဲနေသော လူမှုဘဝ၏ လိုအပ်ချက်များ ဖြည့်စွမ်းနိုင်ရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်လျက်ရှိပါသည်။ ကျေးရွာစာကြည့်တိုက်များ သက်ဝင်လှုပ်ရှားလာစေရန် အဓိက လိုအပ်ချက်များဖြစ်သည့် ထောက်ပံ့မှုရရှိရေး၊ ခေတ်နှင့်အညီ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

စာကြည့်တိုက်များ ထောက်ပံ့မှုရရှိရေးအတွက် ကျေးရွာ စာကြည့်တိုက်ကော်မတီများအနေဖြင့် စာကြည့်တိုက် လိုအပ်ချက်များနှင့်ပတ်သက်၍ မိတ်ဖက်အဖွဲ့အစည်းများမှ အကူအညီ ရရှိနိုင်ရေး ရှာဖွေချဉ်းကပ်မှု နည်းလမ်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး ကူညီညှိနှိုင်းစီစဉ်ပေးသွားမည် ဖြစ်ပါသည်။ ယခုအခါ မကွေးတိုင်းဒေသကြီးစာကြည့်တိုက်များ ဖောင်ဒေးရှင်းအနေဖြင့် အဆောက်အဦ၊ ပရိဘောဂနှင့် စာအုပ်စာစောင်များကို သက်ဆိုင်ရာ စာကြည့်တိုက်များ၏ တင်ပြတောင်းခံမှုအပေါ် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရှိရပါသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၀၆ ခုနှစ်က ဖွဲ့စည်းခဲ့သည့် တိုင်းဒေသကြီးစာကြည့်တိုက် ရန်ပုံငွေကြီးကြပ်မှုကော်မတီအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၁၀.၉.၂၀၁၈)ရက်စွဲဖြင့် လူမှုရေးဝန်ကြီး၊ ဥက္ကဋ္ဌအဖြစ် ပါဝင်၍ အဖွဲ့ဝင်( ၂၀ )ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။ ယင်းကော်မတီအနေဖြင့် လှူဒါန်းရရှိသည့် ငွေပဒေသာပင်မှ တိုးပွားရရှိလာသော ငွေပင်ငွေပွားများအပေါ် မူတည်၍ ကျေးရွာစာကြည့်တိုက်များအား စိစစ်ပြီး ပရိဘောဂနှင့် စာအုပ်စာစောင်များ နှစ်စဉ် ထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက်ရန် စီစဉ်လျက် ရှိပါသည်။ ကော်မတီအနေဖြင့် ရန်ပုံငွေတိုးပွားရေး အတွက်လည်း နည်းလမ်းကြံဆဆောင်ရွက်လျက်ရှိပါသည်။ စာကြည့်တိုက်များအတွက် ထောက်ပံ့ပေးရေးအပိုင်းတွင် အစိုးရအဖွဲ့၏ ပံ့ပိုးကူညီ ဆောင်ရွက်မှုသည် အရေးပါသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်သည့်အတွက် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား - ၂၊ (လူမှုရေးကဏ္ဍ)အရ ပြတိုက်နှင့် စာကြည့်တိုက်များဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းဥပဒေ(မူကြမ်း)အား ဥပဒေချုပ်ထံပေးပို့၍ ဥပဒေ အကြံပြုချက်များ ရယူပြင်ဆင်ခြင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ညှိနှိုင်းပြင်ဆင်ခြင်းများ ဆောင်ရွက်ပြီးဖြစ်ပါသည်။ မကြာမီ တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းနိုင်မည်ဖြစ်ပါသည်။ ဥပဒေတွင် ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းကို အခန်းတစ်ခုအနေဖြင့် ပါဝင်ထည့်သွင်းရေးဆွဲထားရှိပါသည်။ ယင်းဥပဒေတွင် တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးကို

လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် ရေးဆွဲထားခြင်းဖြစ်ပါသဖြင့် ဥပဒေနှင့်အညီ စာကြည့်တိုက်များအား စနစ်တကျ ထောက်ပံ့ပေးနိုင်မည်ဖြစ်ပါသည်။

ခေတ်နှင့်အညီ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရာတွင် အခြေခံ စာကြည့်တိုက်ပညာသင်တန်းများ ဖွင့်လှစ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းများကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အလိုက် နှစ်စဉ်ဆောင်ရွက်သွားနိုင်ရေး သက်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စီစဉ်ပြုလုပ်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျေးရွာစာကြည့်တိုက်များအနေဖြင့် ထောက်ပံ့မှုများရရှိလာခြင်းကြောင့် စာကြည့်တိုက်ဆိုင်ရာ အဆောက်အဦများ တိုးတက်ကောင်းမွန်လာခြင်း၊ ပရိဘောဂ၊ စာအုပ်စာစောင်များ ပြည့်စုံလာပြီး စာကြည့်တိုက် အင်္ဂါရပ်များနှင့် ညီညွတ်လာမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူလူထု၏ အသိပညာ ဗဟုသုတတိုးပွားရေး အထောက်အကူပြုလာမည်ဖြစ်ပါသည်။ ထို့အပြင် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ စာဖတ်သည့်အလေ့အထ တိုးပွားရေးအတွက် စာဖတ်ရှိန်မြင့်မားရေး ပွဲတော်များ၊ စာဖတ်ဝိုင်းများ၊ စာပေဆိုင်ရာ ဟောပြောပွဲများ၊ ပြိုင်ပွဲများ၊ အခြေခံစာကြည့်တိုက် ပညာသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပေးနိုင်မည်ဖြစ်ပါသည်။ ယင်းကဲ့သို့ ခေတ်နှင့်အညီ စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ခြင်းဖြင့် စာကြည့်တိုက်မှူးနှင့် စာကြည့်တိုက်ကော်မတီတို့၏ ဝန်ဆောင်မှု အရည်အသွေးများ မြင့်မားလာခြင်း၊ မိမိတို့ ဆောင်ရွက်ရမည့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် သိရှိနားလည်ဆောင်ရွက်လာနိုင်ခြင်း၊ စာကြည့်တိုက်ကော်မတီနှင့် ဒေသခံပြည်သူများ၏ စာကြည့်တိုက်များအပေါ် သဘောထားအမြင်များ ပြောင်းလဲလာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာနိုင်မည်ဖြစ်သည့်အတွက် ဖော်ပြပါလုပ်ငန်းစဉ်များဖြင့် ကျေးရွာစာကြည့်တိုက်များ သက်ဝင်လှုပ်ရှားစေရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးကျော်လွင် ( ဆင်ပေါင်ဝဲမြို့နယ်မဲဆန္ဒနယ်အမှတ် - ၂ )။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွလွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ရုံးဝန်ထမ်းများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင် ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော့်အနေနဲ့ မေးမြန်းတင်ပြချင်တာကတော့ ဆင်ပေါင်ဝဲမြို့နယ်၊ မွန်းစကျေးရွာအုပ်စု၊ ရွှေပြည်သာကျေးရွာမှ သာဂရလမ်းသို့ ဆက်သွယ်သည့် (၅)မိုင် (၅)ဖာလုံ လမ်းအရှည်အား ရေမြောင်းအပါအဝင် မြေသားလမ်း ဖောက်လုပ်ပြီး မြေသားလမ်းအား မြေနီကျောက်စရစ်ခင်းပေးနိုင်ရန်အတွက် ပြည်သူလူထုကိုယ်စား တောင်းဆိုသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ၎င်းရွှေပြည်သာကျေးရွာသည် ၂၀၁၆ ခုနှစ်မှာ ပြည်ထဲရေးအမည်ပေါက် ကျေးရွာဖြစ်ပြီး အိမ်ခြေ(၆၇)အိမ်၊ လူဦးရေ(၂၉၇)ဦးရှိပြီး ဖွံ့ဖြိုးမှုတစ်ခုမျှ မရရှိသေးပါ ။ ဒါကြောင့် ၎င်းရွှေပြည်သာကျေးရွာသည် သွားလာရေး အင်မတန်ခက်ခဲနေသည်ကို ကျွန်တော့်အနေဖြင့် သွားရောက်၍ ကြည့်ရှုခဲ့ပြီး အမှန်တကယ် လိုအပ်သည်ဖြစ်ပါသဖြင့် တောင်းဆိုရခြင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ၎င်းကျေးရွာသို့(၅-၁၂-၂၀၁၈)ရက်နေ့တွင် ကျွန်တော်ကိုယ်တိုင် သွားရောက်၍ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ပြည်သူများမှ လိုအပ်သည့် လမ်းအကျယ်ကိုလဲ ပေးပါမည်ဟု ကတိခံဝန်များရရှိပြီး ဖြစ်ပါ၍ ပြည်သူများ၏ လိုအင်ဆန္ဒဖြစ်သည့် ၎င်းလမ်းအား ကျွန်တော့် အနေဖြင့် လွှတ်တော်သို့ တင်ပြတောင်းခံပေးပါမည်ဟု ကတိပြုခဲ့ပါသည်။

သို့ဖြစ်ပါ၍ ရွှေပြည်သာကျေးရွာမှ သာဂရလမ်းသို့ ဆက်သွယ်သည့် (၅)မိုင် (၅)ဖာလုံ လမ်းအရှည် အား မြေသားလမ်းဖောက်လုပ်ပြီး မြေသားလမ်းအပေါ် မြေနီကျောက်စရစ်ခင်းပေးပါရန် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးထံသို့ တင်ပြတောင်းဆိုပေးပါရန် လေးစားစွာ တင်ပြတောင်းခံ အပ်ပါသည်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**ဦးတင်နွယ်ဦး ( ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန )။ ။** ရွှေပြည်သာကျေးရွာနှင့် ကိုးပင်-သာဂရလမ်း ဆက်သွယ်သည့်လမ်းသည် လမ်းအရှည် (၅/၀) မိုင်ရှိသော Class A အဆင့် ဦးစားပေး အဆင့်(၃) လမ်းအကျယ် (၁၀')ခန့်ရှိသော မြေသားလမ်း အမျိုးအစား ဖြစ်ပါ သည်။

အဆိုပါလမ်း (၅/၀) မိုင်အား မြေသားတာဘောင်ချဲ့၍ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာ(၂)ရွာ၊ အိမ်ခြေ(၁၅၀)၊ လူဦးရေ(၇၀၈)တို့အား အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းအား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါ ကြောင်းနှင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ဆောင်ရွက်ပေးနိုင်ရန် လျာထားပေးသွားမည် ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူး ရဲမောင်( တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် )။ ။ တံတားချဉ်းကပ်လမ်း အား ကျောက်ချောမြေနီလမ်း ခင်းပေးနိုင်ပါရန် ကြယ်ပွင့်ပြ မေးခွန်းတင်ပြခြင်း**

ကျွန်တော်သည် အမှတ်(၇) စစ်အခြေခံလေ့ကျင့်ရေးတပ်၊ တောင်တွင်းကြီးမြို့မှ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်၊ ကြည်း ၃၀၀၈၃ ဗိုလ်မှူးရဲမောင် ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အောင်းစုကျေးရွာအုပ်စုအတွင်းရှိ ရွာသာကျေးရွာ အနောက်လမ်းခွဲတွင် တည်ရှိသောလမ်းသည် တောင်တွင်းကြီးမြို့သို့ သွားရာလမ်းအထိ အရှည်ပေ(၂၉၀၀)၊ အကျယ်(၂၀)ပေရှိပါသည်။ ငမင်းချောင်းကူးတံတား တည်ဆောက်ရန်ရှိသဖြင့် ၂၀၁၈ ခုနှစ်၊ မေလတွင် အရှည်(၁၂၀၀)ပေ၊ အကျယ်(၁၂)ပေအား ကိုယ်အားကိုယ်ကိုး မြေနီကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက် ခဲ့ပါသည်။ ကျန်ရှိနေသောအပိုင်းမှ လမ်းအရှည်(၁၀၀၀)ပေအား ကျောက်ချောမြေနီလမ်းအဖြစ် ဆောင်ရွက် ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

လုပ်ငန်းဆောင်ရွက်ခွင့်ရရှိပါက ကျေးရွာလူထုမှ လိုအပ်သော လုပ်အားများကို ပါဝင်ကူညီ ဆောင်ရွက်မည် ဖြစ်သည့်အပြင် ငွေကျပ်သိန်း(၃၀) ထည့်ဝင်ဆောင်ရွက်မည် ဖြစ်ပါသည်။ အဆိုပါ လမ်း သည် အောင်းစုကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေ(၁၂၁၈)အိမ်၊ အိမ်ထောင်စု(၁၃၂၂)စု၊ လူဦးရေ(၈၀၃၄)ဦးကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး မြင်းလှည်း၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်များ လွယ်ကူစွာ သွားလာနိုင်ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ အထိုက်အလျောက် တိုးတက်မြင့်မားလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတံတားချဉ်းကပ်လမ်း အရှည်ပေ(၁၀၀၀)အား ကျောက်ချောမြေနီလမ်းအဖြစ် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် သို့မဟုတ် အနီးစပ်ဆုံး ဘတ်ဂျက်တွင် ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ဦးတင်နွယ်ဦး ( ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန )။ ။** မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၊ အောင်းစုကျေးရွာအုပ်စုအတွင်းရှိ ရွာသာကျေးရွာမှ (တောင်တွင်းကြီး-ငမင်လမ်း)- အောင်းစုကျေးရွာလမ်းပေါ်သို့ ဆက်သွယ်သော လမ်းခွဲတစ်ခုပေါ်တွင် JIP အကူအညီဖြင့် တည်ဆောက်မည့် ငမင်ချောင်းကူးတံတား (Submersible Bridge) တည်နေရာရွေးချယ်မှုအရ ပေါ်ပေါက်လာသော အရှည်ပေ(၃၃၅၀)' ရှိသော တံတားချဉ်းကပ် မြေသားလမ်း တစ်ခုဖြစ်ပါသည်။

အဆိုပါတံတားချဉ်းကပ်လမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းစာရင်းတွင် မပါရှိသေးသဖြင့် လမ်းစာရင်း အမည်ပေါက်ရန် ဦးစွာဆောင်ရွက်ရမည်ဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် JIP အဖွဲ့၏ သဘောတူညီချက်အရ တည်ဆောက်ပြီးတံတားများအတွက် ချဉ်းကပ်လမ်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှ တင်ပြတောင်းခံသွားမည်ဖြစ်ပြီး တံတားချဉ်းကပ်လမ်း တည်ဆောက်ခြင်းအား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ဆောင်ရွက်ပေးနိုင်ရန် လျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်အေးယုမော် (သရက်မြို့နယ် မဲဆန္ဒနယ်အမှတ် - ၁)။ ။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။

ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးယုမော်ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့် -

ကျွန်မအနေနှင့် ပါးပွတ်ကျေးရွာမှ ပုဏ္ဏားကျေးရွာအထိ မြေနီလမ်းချထားပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် -

သရက်မြို့တောင်ဘက်ခြမ်းတွင် တည်ရှိသော ပါးပွတ်ကျေးရွာတွင် JIP တံတား တည်ဆောက်လျက်ရှိပါတယ်ရှင်။ ပါးပွတ်ကျေးရွာမှ ပုဏ္ဏားကျေးရွာအထိ (၇)မိုင် (၇)ဖာလုံ အရှည်ရှိပြီး အဆိုပါလမ်းအနီးရှိ ရွာများမှာ ပါးပွတ်ကျေးရွာအုပ်စု၊ ပေါက်ဦးကားကျေးရွာအုပ်စု၊ တွင်းလည်ကျေးရွာအုပ်စု၊ ပုဏ္ဏားကျေးရွာအုပ်စု၊ ရွာမကျေးရွာအုပ်စု၊ ကြိုးကြာကျေးရွာအုပ်စု၊ အင်းကော်ကျေးရွာအုပ်စု၊ ပျဉ်းအိုင်ကျေးရွာအုပ်စု၊ အုပ်စုပေါင်း(၉)အုပ်စုနှင့် ကျေးရွာပေါင်း(၂၅) ရွာ အကျိုးပြုခံစားရမှာ ဖြစ်ပါတယ်ရှင်။

ထိုကျေးရွာများတွင် မူလတန်းကျောင်း၊ မူလွန်ကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းခွဲများနှင့် ဆေးခန်း၊ တိုက်နယ်ဆေးရုံ၊ ရဲစခန်းတို့လည်း တည်ရှိပါတယ်။ ရာသီမရွေး သွားလာနိုင်ရန် ပြည်သူများအတွက် အမှန်တကယ် လိုအပ်သော လမ်းတစ်လမ်း ဖြစ်ပါတယ်ရှင်။

သို့ပါသောကြောင့် ပါးပွတ်ကျေးရွာမှ ပုဏ္ဏားကျေးရွာအထိ လမ်း(၇)မိုင် (၇)ဖာလုံရှိ မြေနီလမ်း ချထားပေးရန် အစီအစဉ်ရှိ/ မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

**ဦးတင်နွယ်ဦး ( ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန )။ ။** သရက် - ကံမလမ်းမှ ပါးပွတ်-တုံ-ပုဏ္ဏားလမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းစာရင်း တွင် Class Aအဆင့် မြေသားလမ်းအမျိုးအစား (၈/၄)မိုင်အရှည်ရှိပြီး ဦးစားပေးအဆင့် ( ၂ )လမ်း အမျိုး အစားဖြစ်ပါသည်။

၂၀၁၈ - ၂၀၁၉ခု ဘဏ္ဍာရေးနှစ်တွင် အဆိုပါ လမ်းပေါ်ရှိ ပနီချောင်းအား မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေ၊ ဂျပန်အခြေခံ အဆောက်အဦ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JIP) အထောက်အပံ့ ရန်ပုံငွေတို့ဖြင့် Submersible Bridge တံတား(178m) ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၁၈ - ၂၀၁၉ခု ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) ပြည်ထောင်စုရန်ပုံငွေဖြင့် သရက် - ကံမလမ်းမှ (JIP)တံတားချဉ်းကပ်လမ်းအထိ (၁/၃)မိုင် မြေသားတာဘောင်ချဲ့၍ မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေး ရန် ရန်ပုံငွေ ရရှိပြီးဖြစ်ပါသည်။

ကျန်(၇/၁)မိုင်အား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း နှင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ဆောင်ရွက်ပေးနိုင်ရန် လျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေ ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါလမ်း ဆောင်ရွက်ပြီးပါက ကျေးရွာအုပ်စု (၉)အုပ်စု၊ ကျေးရွာပေါင်း( ၂၅ )ရွာတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့အတွက် အကျိုးဖြစ်ထွန်းမည့် ကျေးလက်လမ်း တစ်လမ်း ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ဇင်နီနီဝင်း (ပခုက္ကူမြို့နယ် မဲဆန္ဒနယ်အမှတ် - ၂)။ ။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အားလုံးမင်္ဂလာ ပါရှင်။ ကျွန်မကတော့ ပခုက္ကူမြို့နယ် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်း ဖြစ်ပါတယ်။ ကျွန်မမေးမြန်းမည့် အကြောင်းအရာကတော့ ပခုက္ကူ - ဆိပ်ဖြူလမ်း (နှာပေါက်) မိုင်တိုင် (၂၇) မှ စတင်၍ တံတားအထိ လမ်းအကျယ် (၁၈) ပေချဲ့ခင်းရန် အစီအစဉ်ရှိ/ မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းသွားမည်ဖြစ်ပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် -

ကံတွင်း တံတားမကျိုးမီအချိန်က ပခုက္ကူမြို့နယ်၏ မြစ်ခြေတိုက်နယ်မှစ၍ အနောက်ဖက် တစ်ကြော ကျေးရွာများသည် ကံတွင်းတံတားကိုဖြတ်ကာ ချောက် - ဆိပ်ဖြူသို့ သွားရောက်၍ စီးပွားရေး ရောင်းဝယ်ဖောက်ကားသော လုပ်ငန်းများ တွင်ကျယ်စွာလုပ်ကိုင်ကြပါသည်။ ထိုစဉ်အခါက မိုင်တိုင်(၂၇) မှစ၍ ကံတွင်းတံတားအထိ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခဲ့သောကြောင့် Express ကားများပင် အဆက်မပျက် သွားလာခဲ့ကြပါသည်။ ယခုအခါ ကံတွင်းတံတား ကျိုးကျပျက်စီးသဖြင့် သွားလာခြင်း မရှိ တော့သောကြောင့် လမ်းပိုင်းဆိုင်ရာများ လွန်စွာပျက်စီးနေသည်ကို တွေ့မြင်ရပါသည်။ ကားနှစ်စီး ရှောင်ရန်ပင် အခက်အခဲတွေ့နေရပါသည်။ ယခုလက်ရှိတွင် ကံတွင်းတံတားအသစ် တည်ဆောက်လျှက်

ရှိပြီး မကြာသော နှစ်အနည်းငယ်တွင် တည်ဆောက်မှု ပြီးစီးတော့မည် ဖြစ်ပါသည်။ တည်ဆောက်မှုပြီးစီးပါ က အနောက်ဖက်တစ်ကြော ကျေးရွာများသည် ချောက် - ဆိပ်ဖြူသို့ သွားရောက်မှုမှာ အဆမတန်များပြားလာမည်ဖြစ်ပါသဖြင့် လမ်းပြုပြင်ရေးနှင့် (၁၂) ပေမှ (၁၈) ပေသို့ချဲ့ရန် လိုအပ်လျှက် ရှိပါသည်။ လာမည့်ဘဏ္ဍာနှစ်တွင် (၇) ဖာလုံသာ လမ်းချဲ့ပါ၍ (၂)မိုင်သာ တောင်ဖြိုလုပ်ငန်းပါသည်ဟု သိရှိရပါ သည်။ ကံတွင်းတံတားအရောက် ပြုပြင်ရသည့်အပိုင်းမှာ (၁၂) မိုင်ခန့်ရှိပါသဖြင့် တစ်နှစ်လျှင် ယခုလက်ရှိလုပ်မည့်မိုင်ထက် ပိုလုပ်မှသာ တံတားပြီးစီးသည့် အချိန်သွားလာခွင့်ရသည့်အချိန်နှင့် ကိုက်ညီမှာ ဖြစ်ပါတယ်။ ထို့ကြောင့် ပခုက္ကူ - ဆိပ်ဖြူလမ်း မိုင်တိုင် (၂၇)မှ ကံတွင်းတံတားအထိ လမ်းအကျယ် (၁၂) ပေမှ (၁၈) အထိချဲ့ရန် မည်ကဲ့သို့ လျာထားသည်ကို သိရှိလို၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဦးတင်နွယ်ဦး ( ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန )။** ။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ပခုက္ကူ - ဆိပ်ဖြူလမ်းအား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် Main Budget တွင် ပြည်ထောင်စု ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ်(၁၂၅.၀၀၀)သန်းဖြင့် မိုင် (၂၆/၆-၂၇/၅)အတွင်း (၇ဖာလုံ)အား (၁၈)' အကျယ်ကတ္တရာလမ်းချဲ့ခြင်း၊ ထပ်ပိုးလွှာခင်းခြင်းနှင့် မြေနီလမ်းပုခုံး ခင်းခြင်းလုပ်ငန်း၊ တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ်(၁၀၀.၀၀၀)သန်းဖြင့် မိုင်( ၂၇/၆-၂၈/၆ )အတွင်း (၁)မိုင်အား တောင်ပြိုလမ်းချဲ့ခြင်းနှင့် (၄၀)' အကျယ် လမ်းတာဘောင်ဖြည့်ခင်းကြိတ်ခြင်းလုပ်ငန်း၊ ကျပ်(၉၉.၀၀၀)သန်းဖြင့် မိုင်( ၂၇/၆-၂၈/၆ )အတွင်း (၁)မိုင်အား တောင်ဖြိုလမ်းချဲ့ခြင်းနှင့် (၄၀)' အကျယ် လမ်းတာဘောင် ဖြည့်ခင်းကြိတ်ခြင်းလုပ်ငန်း၊ တိုင်းဒေသကြီးအထူးပြင်ဆင် ထိန်းသိမ်းခြင်းရန်ပုံငွေကျပ်( ၂၉.၀၀၀ )သန်းဖြင့် မိုင်(၁၉/၂-၁၉/၃)အတွင်းရှိ တံတားအမှတ် ( ၂/၂၀ ) (၁၂)' အရှည်တံတားအား ကျောက်ကြီးစီလမ်းကမ်းကပ်ခုံနှင့် RCC Slab (၄၀)' အကျယ် ရရှိရန် ချဲ့၍ ချဉ်းကပ်လမ်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကံတွင်းတံတားချဉ်းကပ်လမ်း (၃)မိုင်အားလည်း လမ်းအူကြောင်း အသစ်ဖြင့် ဆောင်ရွက်ရန် ပုံထုတ်တိုင်းတာခဲ့ပြီး မြေသားလုပ်ငန်း(၁)မိုင်အတွက် ခန့်မှန်းကုန်ကျငွေကျပ်(၁၅၂.၂၅)သန်းအားလည်း တိုင်းဒေသကြီးဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် ပခုက္ကူ - ဆိပ်ဖြူလမ်းတွင် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အကုန်တွင် ကံတွင်းတံတားချဉ်းကပ်လမ်း (၃)မိုင် စုစုပေါင်း (၁၁)မိုင် (၇)ဖာလုံမှာ (၁၈)' အကျယ် ကတ္တရာလမ်းခင်းရန် ကျန်ရှိမည်ဖြစ်ပါသည်။

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မိုင် ( ၂၇/၅-၃၀/၄ ) ( ၂ )မိုင် (၇)ဖာလုံ (၁၂)' အကျယ်ကတ္တရာလမ်းကို (၁၈)' အကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းအား ခန့်မှန်းရန်ပုံငွေကျပ်(၄၂၈.၀၀၀) သန်းဖြင့်လည်းကောင်း၊ မိုင်(၁၅/၅-၁၆/၃)ထိ (၆)ဖာလုံ (၁၈)' အကျယ်လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ကျပ်(၇၆.၀၀၀)သန်းဖြင့်လည်းကောင်း လျာထားတင်ပြ တောင်းခံထားပြီးဖြစ်ပါကြောင်းနှင့် ကျန်ရှိအပိုင်းများအားလည်း (၁၈)' အကျယ် ကတ္တရာလမ်း တိုးချဲ့တည်ဆောက်ရန် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးစန်းကြူ(ငဖဲမြို့နယ်မဲဆန္ဒနယ်အမှတ်-၁)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ငဖဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းကြူဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်အတွင်းရှိ မြစ်ဖျားကျေးရွာအုပ်စုရှိရွာများ၊ ရောက်တောင်ကျေးရွာအုပ်စုရှိရွာများသည် ပန်းထိမ်း-ပဒါန်း မန်းချောင်း၏ အနောက်ဖက်ကမ်းတွင် တည်ရှိသော ကျေးရွာကြီးများဖြစ်ကြပါသည်။ ၎င်းကျေးရွာကြီးများသည် မန်းချောင်း၏ အရှေ့ဘက်ကမ်းရှိ ပဒါန်းအုပ်စုရွာများ၊ ရင်းရှည်အုပ်စုရွာများ၊ သာယာကုန်းကျေးရွာ အုပ်စုများနှင့် ဆက်သွယ်ရန်အတွက်လည်းကောင်း၊ မင်းဘူး-မကွေးမြို့ကြီးများသို့ သွားလာရန်အတွက်လည်းကောင်း၊ မန်းချောင်းကူး တံတားမရှိမဖြစ် လိုအပ်နေပါသည်။ ၎င်းအုပ်စုရွာများမှ ကျောင်းသူ/ကျောင်းသားများ ပဒါန်း အ.ထ.ကကျောင်း ကြီးသို့ ကျောင်းတက်လာရန်အတွက်လည်းကောင်း၊ မကျန်းမာသောလူနာများ ပဒါန်းဆေးရုံသို့ လာရောက်ရန်အတွက်လည်းကောင်း၊ နေ့စဉ်နိစ္စဓူဝ ရောင်းဝယ်ဖောက်ကားသွားလာရန်အတွက်လည်းကောင်း တံတား(၁)စင်း ရှိရန်မှာ အလွန်အရေးကြီးလျက်ရှိပါသည်။ မြစ်ဖျားအုပ်စုမှ ပြည်သူများသည် နှစ်စဉ်သိန်း(၃၀)ခန့်မျှ ငွေစုဆောင်း၍ ကိုယ်ထူကိုယ်ထ တံတားငယ်များ ထိုးပြီး သွားလာနေကြသော်လည်း အခိုင်အမာမဟုတ်သည့် အတွက် နှစ်စဉ်မိုးရာသီ ရေကြီးရေလျှံမှုများဖြစ်ပေါ်သောအခါ ရေနောက်သို့မျောပါသွားပါသည်။ ဂျပန် JIP မှ တံတားထိုးလှူရန် လာရောက်ကြည့်ရှုသောအခါတွင် ချောင်းမှာ ပေ ၉၀၀ ခန့်ကျယ်သောကြောင့် မြန်မာ နိုင်ငံတော်အစိုးရ သက်ဆိုင်ရာဝန်ကြီးဌာနမှ မြေတာဘောင်ဖို့၍ ချဉ်းကပ်လမ်းများလုပ်ပေးပါက အဆင်ပြေမည်။ တံတားလှူနိုင်လိမ့်မည်ဖြစ်ကြောင်း JIP အဖွဲ့မှ ဂျပန်ကြီးက ပြောကြားသွားပါသည်။ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တံတားထိုးပေးနိုင်ခြင်းရှိ/မရှိ (သို့မဟုတ်) JIPမှ ၎တ်လှူ်းတံတား ဆောက်လှူနိုင်ရန်အတွက် ကျောက်ရိုးစီ မြေတာဘောင် ချဉ်းကပ်လမ်းဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိသိလိုကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါသည်ခင်ဗျား။

**ဦးတင်နွယ်ဦး ( ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန )။** ။ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်၊ ငဖဲမြို့နယ်ရှိ မြစ်ဖျားကျေးရွာအုပ်စုရှိ ရွာများနှင့် ရောက်တောင်ကျေးရွာအုပ်စုရှိ ရွာများသည် ပန်းထိမ်း-ပဒါန်းမန်းချောင်း၏ အနောက်ဘက်ကမ်းတွင် တည်ရှိသောကျေးရွာများဖြစ်ကြပြီး မန်းချောင်း၏အရှေ့ဘက်သို့ သွားလာရာတွင် မင်းဘူး - အမ်းလမ်း မိုင်တိုင်(၃၂/၃)မိုင်သို့ သွားရပါသည်။ အဆိုပါမိုင်တိုင်(၃၂/၃)မိုင်သို့ သွားလာရာတွင် မန်းချောင်းအား ဖြတ်သန်းသွားလာရပါသည်။ အဆိုပါမန်းချောင်းအကျယ်မှာ (၈၀၀') ခန့်ရှိပြီး မိုးရာသီကာလတွင် ချောင်းရေအနက် (၁၂') ခန့်ရှိ၍ ရေစီးအလွန်သန်သောချောင်း ဖြစ်ပါသည်။ နွေရာသီကာလတွင် ရေအနက်( ၂' )ခန့်ရှိ၍ ချောင်းအကျယ်မှာ ( ၂၀၀' )ခန့်ရှိပါသည်။ မိုးရာသီပုံမှန်မိုးရွာပါက ချောင်းရေကျချိန် စောင့်ဆိုင်းရသည်မှာ (၃)ရက်မှ (၇)ရက်အထိ စောင့်ဆိုင်းရသဖြင့် ဒေသခံပြည်သူများ၏ လူ၊ ဆိုင်ကယ်၊ ကားဖြတ်သန်းသွားလာရန် အခက်အခဲဖြစ်နေပါသည်။

အဆိုပါချောင်း၏ ချောင်းကူးတံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်မည်ဆိုပါက ကွန်ကရစ်တံတား (၉၀၀') တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၂၅၂၀.၀၀၀)သန်း ကုန်ကျမည်ဖြစ်ပြီး JIP အစီအစဉ်ဖြင့် Submersible Bridge အမျိုးအစား တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ်(၁၁၂၅.၀၀၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါတံတားအား JIP အဖွဲ့မှ တည်ဆောက်နိုင်ရန်အတွက် တံတားဆိုင်ရာအချက်အလက်များအား JIPအဖွဲ့သို့ ပေးပို့ထားပြီး ဖြစ်ပါကြောင်းနှင့် အကယ်၍ အဆိုပါတံတားအား JIP အဖွဲ့မှ တည်ဆောက်နိုင်ခြင်းမရှိပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ဆောင်ရွက်ပေးနိုင်ရန် လျာထားပေးသွားမည် ဖြစ်ပါသော်လည်း ကုန်ကျစရိတ်ကြီးမားလှသည့်အတွက် အမှန်ဆောင်ရွက်ပေးနိုင်ရန် မလွယ်ကူသေးပါကြောင်းနှင့် အဆိုပါတံတား တည်ဆောက်နိုင်ပါက ကျေးရွာ(၆)ရွာနှင့် လူဦးရေ (၁၁၇၇၆)ဦးတို့အား အကျိုးပြုမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးတင့်လွင် ( ရေနံချောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် - ၁ )။** ။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါဟု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရေနံချောင်းမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမည့် မေးခွန်းကတော့ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အရင်းမပျောက် လှည့်ပတ်ရန်ပုံငွေ မြစိမ်းရောင်စီမံကိန်းများအကြောင်း မေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဝန်ကြီးဌာနအောက်တွင် ဦးစီးဌာန ၃မှ မြစိမ်းရောင်စီမံကိန်း ၃- ခုရှိပါတယ်။ ၎င်းတို့မှာ -

ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ မြစိမ်းရောင်

ငါးလုပ်ငန်းဦးစီးဌာန၏ မြစိမ်းရောင် ငါးကဏ္ဍ

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ မြစိမ်းရောင် အသားကဏ္ဍ (၃)ခုဖြင့် လုပ်ဆောင်လျက် ရှိပါတယ်။ မြစိမ်းရောင်စီမံကိန်းတွင် ရည်ရွယ်ချက်ကောင်းများ အများအပြား ပါဝင်ခဲ့ပြီး ချထားပေးငွေအရင်းအပျောက် လှည့်ပတ်ရန်ပုံငွေဆိုသည့်အတိုင်း မူလအရင်းမပျောက်ရေးသည် ပထမအရေးအကြီးဆုံးဖြစ်ပြီး၊ ရရှိလာသော တိုးပွားငွေများကို ကျေးရွာလူထုဆန္ဒဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရန်ဖြစ်ပါတယ်။ ကျေးလက်ဖွံ့ဖြိုးရေး မြစိမ်းရောင်ကော်မတီများကို စနစ်တကျ ဒီမိုကရေစီနည်းဖြင့် အများဆန္ဒမဲပေး ရွေးချယ်ခြင်းအားဖြင့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများ လေ့ကျင့်ပေးပြီးလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား

အထက်ဖော်ပြပါ မြစိမ်းရောင်စီမံကိန်း၏ ရည်ရွယ်ချက်ကောင်းများနှင့် အခြားရည်ရွယ်ချက်ကောင်းများရှိနေခဲ့သော်လည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ မြစိမ်းရောင်အသားကဏ္ဍသည် မူလရည်ရွယ်ချက် အရင်းများပျောက်နေခြင်း၊ စနစ်တကျ ဒီမိုကရေစီနည်းကျ ဖွဲ့စည်းထားမှုမရှိခြင်း၊ မူလအရင်းငွေ တစ်နှစ်တစ်ကြိမ် မြန်မာ့စီးပွားရေးဘဏ်သို့ ပြန်လည်မအပ်နိုင်ခြင်း၊ အသင်းဝင်များ ရွာသူရွာသားများအား ပွင့်လင်းမြင်သာစာရင်း ချပြရှင်းလင်းမှု မရှိခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

အနေဖြင့်လည်း စနစ်တကျ ကြီးကြပ်နိုင်မှုမရှိခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့်လည်း စနစ်တကျ ကြီးကြပ်နိုင်မှုမရှိခြင်းများကို လေ့လာတွေ့ရှိရပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့အနေဖြင့် မူလရည်ရွယ်ချက်များအားလုံးမရရှိသေးသည့်တိုင် အဓိကဖြစ်သော အရင်းမပျောက်လှည့်ပတ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဌာနကြီး (၃) ခု၏ မြစိမ်းရောင်စီမံကိန်း (၃)ခုတွင် ယိုယွင်းမှုများပြားနေသော မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်း(အသားကဏ္ဍ)ကို လုံးဝပြိုပျက် ပျောက်ဆုံးမသွားမီ အလျင်အမြန်တည့်မတ်ပေးရန် လိုအပ်နေပြီဖြစ်ပါသဖြင့် မည်သို့ စနစ်တကျ ဖွံ့ဖြိုးလာစေရန် ပြုလုပ်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် ကျန်ဌာန (၂)ခုငါးလုပ်ငန်း ဦးစီးဌာနတို့ကိုလည်း ယခုထက်အောင်မြင်ဖွံ့ဖြိုးရန် စီစဉ်ထားခြင်း ရှိ/မရှိ သိရှိ လိုသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးဝင်းမော်ဌေး ( ဝန်ကြီး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန )။** ။ မကွေးတိုင်းဒေသကြီးအတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၁၁၅)ယူနစ်၊ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် (၂၄၃)ယူနစ်၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် (၁၈၀)ယူနစ်၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် (၁၂၀)ယူနစ်၊ ၂၀၁၈(၆)လဘတ်ဂျက်တွင် (၁၅)ယူနစ်၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် (၇၁)ရွာ စုစုပေါင်းကျေးရွာယူနစ်(၇၄၄)ယူနစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈(၆)လဘတ်ဂျက်အထိ စိုက်ပျိုးရေး (၄၀,၁၁၄)ဦးအား ငွေကျပ်(၁၁,၇၈၁.၁၇၈) သန်း၊ မွေးမြူရေး (၂၉,၆၀၉)ဦးအား ငွေကျပ်(၇,၈၆၅.၇၈၃)သန်း၊ ရေလုပ်ငန်း (၄၀၄)ဦးအား ငွေကျပ်(၉၅.၃၁၀)သန်း၊ မီးလင်းရေး( ၂ )ဦးအား ငွေကျပ်(၀.၅၅)သန်း၊ ကုန်ထုတ်လုပ်ငန်း(၇၁၇) ဦးအား ငွေကျပ်( ၂၁၃.၇၄ )သန်း၊ အရောင်းအဝယ်(၄,၁၇၅)ဦးအား ငွေကျပ် (၁,၃၀၃.၇၆၇)သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း (၁,၆၀၁) ဦးအား ငွေကျပ်(၄၅၉.၉၇၅)သန်း စုစုပေါင်းဦးရေ (၇၆,၆၂၂) ဦးအား ငွေကျပ်သန်းပေါင်း(၂၁,၇၂၀.၃၀၃) သန်းဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းကာလ(၃)နှစ်ပြည့်မြောက်ပြီး အတိုးရငွေ စုစုပေါင်းကျပ်သန်း(၁၀)နှင့်အထက်ရရှိသော စီမံကိန်း ကျေးရွာများအနက်မှ ကျေးရွာယူနစ်ပေါင်း(၄၁) ယူနစ်သည် ကျေးရွာလူထု၏သဘောဆန္ဒဖြင့် အတိုးရငွေ၏ (၅၀%)ကို ပြန်လည်ထုတ်ချေးပြီး ကျန်(၅၀%)ကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရာ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ အတိုးရငွေ(၁၈၈.၀၉) သန်း၊ ပြည်သူထည့်ဝင်ငွေ(၁၃၄.၇၃၅)သန်း၊ အခြားအဖွဲ့အစည်းမှ လှူဒါန်းငွေ(၉.၃)သန်း စုစုပေါင်းငွေကျပ်(၃၃၂.၁၂၅)သန်းဖြင့် လမ်းလုပ်ငန်း(၉)ခု၊ တံတားလုပ်ငန်း ( ၂ )ခု၊ ရေရရှိရေး (၉)ခု၊ မီးလင်းရေး (၁၈) ခု၊ အခြားလုပ်ငန်း (၃)ခု စုစုပေါင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း (၄၁)ခုအား စီမံကိန်းအတိုးရငွေဖြင့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်လည်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို မကွေးတိုင်းဒေသကြီးအတွင်း ကျေးရွာယူနစ် (၇၁)ယူနစ် ထပ်မံအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ယခုထက် ပိုမိုအောင်မြင်စေရန် ကျေးရွာပြည်သူလူထုနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ငါးကဏ္ဍ)အား မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ(၁၉)ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

တစ်ရွာလျှင် ကျပ်သန်း(၃၀)နှုန်းဖြင့် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ (၅) ရွာ၊ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ (၁၀) ရွာ၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ (၃) ရွာ၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ(၁)ရွာ၊ စုစုပေါင်းကျေးရွာ(၁၉)တွင် အရင်းမပျောက် လှည့်ပတ်ရန်ပုံငွေ အဖြစ် ကျပ်သန်း(၅၇၀) ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ငါးကဏ္ဍ)ကို ဆောင်ရွက်နေပါသည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် (၃)နှစ်သက်တမ်းပြည့်မြောက်ပြီးသည့် ကျေးရွာ(၁၅) ရွာသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီများကို ကျေးရွာများရှိ ပြည်သူလူထု၏ ဆန္ဒနှင့် အညီရွေးချယ်ပြီး ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခြင်း၊ အတိုးရငွေ၏(၅၀%)အား မြစိမ်းရောင်ကျေးရွာစီမံကိန်း (ငါးကဏ္ဍ)အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ပါသတ်မှတ်ချက် များနှင့်အညီ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး စီမံကိန်းကို ဆက်လက်လည်ပတ် အကောင်အထည် ဖော်လျက်ရှိပါသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် မြစိမ်းရောင်းကျေးရွာ စီမံကိန်း (ငါးကဏ္ဍ)အား ယခုထက် အောင်မြင်ဖွံ့ဖြိုးစေရန်အတွက် စီမံကိန်းကျေးရွာများရှိ ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရေးအတွက် ဌာနမှ သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ် မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများမှ စီမံကိန်းကျေးရွာ များရှိ ပြည်သူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအား ကျေးရွာရှိပြည်သူများ ပိုမိုသိရှိနားလည် ၍ အားလုံးလိုက်နာ ဆောင်ရွက်နိုင်စေရေး ရှင်းလင်းဆွေးနွေးခြင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရေး လက်စွဲစာစောင်ပါအချက်များ၊ ညွှန်ကြားချက်များ၊ စည်းကမ်းချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်နိုင်စေရေး စီမံကိန်းကျေးရွာရှိ ရန်ပုံငွေကြီးကြပ်မှုကော်မတီများကို အဆင့်ဆင့်ကြီးကြပ် ထိန်းကျောင်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဆင်းရဲနွမ်းပါးမှုနှုန်းအား လျှော့ချနိုင်ရန်အတွက် ကျေးလက်နေ ဆင်းရဲသားပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊ မိသားစုဝင်ငွေ တိုးပွားစေရန်၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မြို့ပြနှင့်ကျေးလက် ကွာဟချက် ကျဉ်းမြောင်းလာစေရန်အတွက် မြစိမ်းရောင်(အသားကဏ္ဍ) မွေးမြူရေးကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိပါသည်။ ဤစီမံကိန်း၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိက ရည်မှန်းချက်များမှာ စီမံကိန်းကျေးရွာရှိ ပြည်သူများအတွက် -

(က) အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသ ဆင်းရဲမှုနှုန်းကို လျှော့ချရန်၊

(ခ) တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာ ဖူလုံစေရန်နှင့် အာဟာရ ပြည့်ဝစေရန်၊

(ဂ) ကျေးလက်အခြေခံ အဆောက်အဦများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးစေရန်၊

(ဃ) ကျေးလက်လူထု စွမ်းဆောင်ရည် တိုးတက်လာစေရန်နှင့် မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များကျရောက်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန် ဦးတည်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်၊

မြစိမ်းရောင် (အသားကဏ္ဍ) မွေးမြူရေးကျေးရွာများ ထူထောင်ဆောင်ရွက်ရာတွင် မြစိမ်းရောင် (အသားကဏ္ဍ) မွေးမြူရေးကျေးရွာစီမံချက် ရေးဆွဲထားရှိပြီး ဆောင်ရွက်မည့် နည်းလမ်းအနေဖြင့် (က) ဦးစားပေးကျေးရွာ ရွေးချယ်ခြင်း၊ (ခ) ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီမှ တိရစ္ဆာန်များ ဝယ်ယူဖြန့်ဖြူးခြင်း၊ (ဂ) ကျေးရွာ ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရပါသည် -

(က) ဦးစားပေးကျေးရွာ ရွေးချယ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအဆင့် ကော်မတီဖွဲ့စည်း၍ မွေးမြူရေး အလားအလာရှိပြီး သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သောကျေးရွာများကို ဦးစားပေးအလိုက် အစိုးရအဖွဲ့သို့ တင်ပြရွေးချယ်ပါသည်။ မြို့နယ်အဆင့် ကြီးကြပ်မှုကော်မတီ ဖွဲ့စည်း၍ အနီးကပ် ကြီးကြပ်စေပါသည်။

(ခ) တိရစ္ဆာန် ဝယ်ယူဖြန့်ဖြူးခြင်း လုပ်ငန်းအနေဖြင့် ဒီမိုကရေစီ နည်းလမ်းကျကျရွေးချယ်၍ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီ ဖွဲ့စည်းထားပြီး ကျေးရွာရှိ ပြည်သူများ မွေးမြူလိုသည့် တိရစ္ဆာန်အား အဆိုပြုလွှာတင်စေပြီး ငွေတိုက်ရိုက်ထုတ်ပေးခြင်း မပြုဘဲ ဝယ်ယူရေးအဖွဲ့ဖြင့် ဝယ်ယူဖြန့်ဖြူးစေပါသည်။

(ဂ) ကျေးရွာရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းအနေဖြင့် မြစိမ်းရောင်(အသားကဏ္ဍ) မွေးမြူရေး ကျေးရွာစီမံကိန်း၏ မတည်ငွေမှ ရရှိလာသော အတိုးငွေကို အစည်းအဝေး မှတ်တမ်းအရ ကျေးရွာကြီးကြပ်မှုကော်မတီမှ ကိုယ်စားလှယ်( ၂ )ဦး အမည်ဖြင့် ငွေစုဘဏ်စာအုပ် ဖွင့်၍ စုဆောင်းစေပြီး ကျေးရွာကြီးကြပ်မှုကော်မတီ၊ ကျေးရွာနေ ပြည်သူ၊ ရပ်မိရပ်ဖများ၏ ညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ မွေးမြူရေး လုပ်ငန်းများအား အဓိက လုပ်ဆောင်ရမည် ဖြစ်သော်လည်း ကျေးရွာဖွံ့ဖြိုးရေး အခြားလုပ်ငန်းများတွင်လည်း အသုံးပြုဆောင်ရွက်နိုင် စေပါသည်။

မကွေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဆင်းရဲနွမ်းပါးမှု လျော့ချနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် **မြစိမ်းရောင်(အသားကဏ္ဍ) မွေးမြူရေးကျေးရွာ ထူထောင်ခြင်း** လုပ်ငန်းအား၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အထိတွင် မြို့နယ်(၂၅)မြို့နယ်ရှိ ကျေးရွာ (၁၀၈)ရွာတွင် ခွင့်ပြုငွေ ကျပ်သန်း(၁၀၈၁.၅၁)သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုသောမြစိမ်းရောင် (အသားကဏ္ဍ) မွေးမြူရေး ကျေးရွာအတွက် မူလ **'အရင်းမပျောက်မတည်ငွေ'** များကို ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီ ၏ ဘဏ်ငွေစာရင်းအမှတ်သို့ လွှဲပြောင်းပေးအပ်ရပါသည်။

မြစိမ်းရောင်(အသားကဏ္ဍ) မွေးမြူရေးကျေးရွာ ထူထောင်ခြင်းလုပ်ငန်းအတွက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရာတွင် ဦးစားပေးကျေးရွာ ရွေးချယ်ရန် တိုင်းဒေသကြီးအဆင့် ကော်မတီ ဖွဲ့စည်းထားခြင်း၊ မြို့နယ်အဆင့်ကြီးကြပ်မှုကော်မတီအား အနီးကပ်ကြီးကြပ်နိုင်ရန် ဖွဲ့စည်းထားခြင်း၊ သတ်မှတ်ချက်များနှင့် ညီညွတ်သည့် အဆိုပြုလွှာတင်သွင်းထားသည့် မွေးမြူလိုသူများအား တိရစ္ဆာန်ဝယ်ယူဖြန့်ဖြူးရေးအဖွဲ့ဖြင့် ဝယ်ယူဖြန့်ဖြူးပေးနိုင်ရန်နှင့် စီမံချက်ပါတာဝန်များနှင့်အညီ ဆောင်ရွက်နိုင်မည့် စနစ်တကျ ဒီမိုကရေစီနည်းကျကျ ရွေးချယ်ထားသည့် ကျေးရွာရန်ပုံငွေ ကြီးကြပ်မှု ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိပါသည်။

**မူလအရင်းငွေ ပြန်လည်ပေးဆပ်ခြင်း**နှင့်ပတ်သက်၍ မြစိမ်းရောင်(အသားကဏ္ဍ) မွေးမြူရေးကျေးရွာစီမံချက်ပါ စည်းကမ်းချက်များအရ ကျေးရွာနေ မွေးမြူသူများအနေဖြင့် တိရစ္ဆာန်အမျိုးအစားအလိုက် အစုအဖွဲ့များ ဖွဲ့စည်းစေကာ မွေးမြူလိုသည့် တိရစ္ဆာန်အမျိုးအစားပေါ် မူတည်၍ ကာလသတ်မှတ်ထားပြီး မူလအရင်းငွေကို မြန်မာ့စီးပွားရေးဘဏ်သို့ ပြန်လည်ပေးအပ်ရမည်ဖြစ်ပါသည်။ မူလမတည်ငွေနှင့် အတိုးမသွင်းနိုင်ပါ က သက်ဆိုင်ရာကျေးရွာကော်မတီ၏ အစီအစဉ်ဖြင့်သာ ဆောင်ရွက်ရပါမည်။ မူလမတည် ငွေ အပြည့်အဝ ပြန်လည်အပ်နှံနိုင်ခြင်း မရှိပါက ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီ၏ တာဝန်သာဖြစ်ပါ သည်။ မတည်ငွေများ မူလစာရင်းတွင် ပြန်လည် အပ်နှံပြီးပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် တိရစ္ဆာန်ဖြန့်ဖြူးရေး လုပ်ငန်းများ ထပ်မံ၍ ပြန်လည်စတင်နိုင်မည် ဖြစ်ပါသည်။

**အသင်းဝင်ရွာသူရွာသားများ ပွင့်လင်းမြင်သာမှု**ရှိစေရန် မြစိမ်းရောင်(အသားကဏ္ဍ) မွေးမြူရေးကျေးရွာထူထောင်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို မွေးမြူလိုသူများအား အစည်းအဝေးတွင် ချပြဆွေးနွေးရှင်းလင်းပေးခြင်း၊ မွေးမြူလိုသူများအား မွေးမြူလိုသည့် တိရစ္ဆာန်အဆိုပြုလွှာ တောင်းခံခြင်း၊ မွေးမြူလိုသည့် တိရစ္ဆာန်အမျိုးအစားအလိုက် အစုအဖွဲ့များ ဖွဲ့စည်းစေခြင်း၊ အိမ်ထောင်တစ်စုလျှင် မွေးမြူမည့် တိရစ္ဆာန်အမျိုးအစားအလိုက် ကောင်ရေ သတ်မှတ်ပေးခြင်းနှင့် မွေးမြူမည့်ကာလ သတ်မှတ်ပေးခြင်း၊ ဒီမိုကရေစီ နည်းကျကျ ရွေးချယ်ထားသော ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီ ဖွဲ့စည်းပေးခြင်း၊ ကော်မတီအမည်စာရင်း ထုတ်ပြန်ပေးခြင်း၊ မြန်မာ့စီးပွားရေးဘဏ်တွင် ရွေးချယ် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီ၏ ဘဏ်ငွေစာရင်း ဖွင့်လှစ်ပေးခြင်း၊ ကျေးရွာကြီးကြပ်မှုကော်မတီမှ ကိုယ်စားလှယ်( ၂ )ဦးဖြင့် ဘဏ်တွင် ငွေသွင်း ငွေထုတ် ပြုလုပ်မည့် အဖွဲ့ သတ်မှတ်ပေးခြင်း၊ ကျေးရွာကော်မတီနှင့် မွေးမြူလိုသူများ ဆန္ဒအရ အတိုးနှုန်းနှင့် အတိုးနှုန်းပေး သွင်းရမည့် ကာလသတ်မှတ်ပေးခြင်းစသည့် လုပ်ငန်းများကို အစည်းအဝေး ဆုံးဖြတ်ချက်များဖြင့် သတ်မှတ်ပြီး လိုက်နာဆောင်ရွက်သွားရန် ချပြရှင်းလင်းခဲ့ပါသည်။

မြစိမ်းရောင်(အသားကဏ္ဍ) မွေးမြူရေးကျေးရွာ ထူထောင်ဆောင်ရွက်ရာတွင် **စနစ်တကျ ကြီးကြပ်မှု လုပ်ငန်းများဆောင်ရွက်နိုင်ရန်** စီမံချက်ပါအတိုင်း ကော်မတီများ အဆင့်ဆင့်ဖွဲ့စည်း၍ သက်ဆိုင်ရာကော်မတီအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို စနစ်တကျ အလေးထား ဆောင်ရွက်သွားနိုင်ရန် အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် အခါအားလျော်စွာ ကွင်းဆင်း၍ လုပ်ငန်းဆောင်ရွက်မှု အပေါ် အားနည်းချက်ရှိသည်များကို ချပြရှင်းလင်းဆွေးနွေး ညှိနှိုင်းကြီးကြပ် ဆောင်ရွက်သွားမည်ဖြစ်ပြီး

မြစိမ်းရောင်စီမံကိန်း (အသားကဏ္ဍ)ကို အလျှင်အမြန် လည်ပတ်စေ၍ မွေးမြူရေးလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်စေသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။